ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်

အမှတ်၊ ၁ / ၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

(၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

## ဝန်ဆောင်ခ (Service Charges) အပေါ် ကုန်သွယ်လုပ်ငန်းခွန် တွက်ချက်ခြင်းနှင့်စပ်လျဉ်း၍ အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဝန်ဆောင်ခ (Service Charges) အပါအဝင် ဖြစ်သည့် ဝန်ဆောင်ခရငွေ စုစုပေါင်း အပေါ် ကုန်သွယ်လုပ်ငန်းခွန် တွက်ချက်ခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းကို ရှင်းလင်းစွာ သိရှိနိုင်စေရန်အတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း ဖြစ်ပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤ အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုချက်သည် ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများက ဝန်ဆောင်မှု ရယူသူများထံမှ ကျသင့်ဝန်ဆောင်ခ (Service Fees) နှင့်အတူ ထပ်ဆောင်း တောင်းခံသည့် ဝန်ဆောင်ခ (Service Charges) အပါအဝင် ဖြစ်သော စုစုပေါင်း ဝန်ဆောင်ခရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်းနှင့် စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ ပြဋ္ဌာန်းချက်ကို ပြည်တွင်းအခွန်များဦးစီးဌာနက မည်သို့အဓိပ္ပာယ်ဖွင့်ဆိုကြောင်းနှင့် စုစုပေါင်း ဝန်ဆောင်ခရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် တွက်ချက်ခြင်းနှင့် စပ်လျဉ်းသည့် ရှင်းလင်း အသိပေးချက် ဖြစ်ပါသည်။

### အကျိုးသက်ရောက်သူများ

၃။ ဤ ထုတ်ပြန်ချက်သည် ဝန်ဆောင်မှုဆောင်ရွက်ပေးသူ အခွန်ထမ်းများအပေါ် အကျိုးသက်ရောက် ပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ဝန်ဆောင်မှု ဆောင်ရွက်ပေးသူ အခွန်ထမ်းသည် ယင်း၏ ဝန်ဆောင်မှု ရယူသူများ အတွက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် ဝန်ဆောင်ခ နှင့်အတူ ကျသင့် ကုန်သွယ်လုပ်ငန်းခွန် ထည့်သွင်းကောက်ခံရန် တာဝန်ရှိပါသည်။

၅။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ၁၄၊ ပုဒ်မခွဲ (ဃ) အရ ကုန်သွယ် လုပ်ငန်းခွန် မကျသင့်ကြောင်း သတ်မှတ်ထားခြင်းမရှိသည့် ပြည်တွင်းဝန်ဆောင်မှု လုပ်ငန်းအမျိုးအစားများ၏ ဝန်ဆောင်ခရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ကျသင့်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေ၏ ပုဒ်မ၁၄၊ ပုဒ်မခွဲ (င)တွင် ပြဋ္ဌာန်းထားပါသည်။

**လိုက်နာ ဆောင်ရွက်ရန် တာဝန် သတ်မှတ်ချက်**

၆။ ဝန်ဆောင်မှု ဆောင်ရွက်ပေးသူ အခွန်ထမ်းက ယင်း၏ ဝန်ဆောင်မှု ရယူသူထံမှ တောင်းခံသည့် ဝန်ဆောင်ခ (Service Charges) များသည် ဝန်ဆောင်မှု ရယူသူအား ယင်းက ဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုများအတွက် ဝန်ဆောင်ခရငွေ (Service Fees) ၏ **တစ်စိတ်တစ်ပိုင်း** ဖြစ်ပါသည်။ ထို့ကြောင့် နှစ်စဉ် ထုတ်ပြန်သည့် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဝန်ဆောင်မှု ရယူသူ ထံမှ တောင်းခံသည့် ဝန်ဆောင်ခ (Service Charges) များ အပေါ်တွင်လည်း ကုန်သွယ်လုပ်ငန်းခွန် ထည့်သွင်း ကောက်ခံရန် ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများတွင် တာဝန်ရှိပါသည်။

၇။ ထိုကဲ့သို့သော ကိစ္စရပ်များတွင် ကုန်သွယ်လုပ်ငန်းခွန်ကို အောက်ပါအတိုင်း တွက်ချက်ရန်ဖြစ်ပါသည်-

| | |
|---|---|
| ဝန်ဆောင်မှု ရယူသူအတွက် ဆောင်ရွက်ပေးရသည့် ဝန်ဆောင်ခ (Sevice Fees) | (က) |
| ထည့်သွင်းတောင်းခံသည့် ဝန်ဆောင်ခ (Sevice Charges){- - % x (က)} | (ခ) |
| ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ စုစုပေါင်း ဝန်ဆောင်ခ{(က)+(ခ)} | (ဂ) |
| ကျသင့် ကုန်သွယ်လုပ်ငန်းခွန် {၅ % x (ဂ)} | (ဃ) |
| ဝန်ဆောင်မှု ရယူသူက ပေးချေရမည့် စုစုပေါင်းကျသင့်ငွေ{(ဂ) + (ဃ)} | (င) |

**နမူနာဖြစ်စဉ်အပေါ် တွက်ချက်မှု**

၈။ ဦးမောင်မောင်သည် ရန်ကုန်မြို့တွင် စားသောက်ဆိုင် တစ်ဆိုင်ကို ဖွင့်လှစ်ထားသည်။ ၎င်းသည် ကုန်သွယ် လုပ်ငန်းခွန် ဥပဒေအရ မှတ်ပုံတင်ထားသည်။ ဆိုင်သို့လာရောက် စားသုံးသူ တစ်ဦးထံမှ အစား အသောက် များအတွက် ကျသင့်ငွေ ကျပ် ၁၅၄၀၀ နှင့် ကုန်သွယ်လုပ်ငန်းခွန် ၇၇၀ ကျပ် (၅% x ၁၅၄၀၀) တောင်းခံ ခဲ့သည်။ ၎င်းသည် အစားအသောက်များအတွက် ကျသင့်ငွေ ကျပ် ၁၅၄၀၀ အပေါ်တွင် ဝန်ဆောင်ခ (Service Charges) ၁၀% ထပ်မံ ကျပ် ၁၅၄၀ ပေါင်းထည့်ခဲ့သည်။ သို့သော် ဦးမောင်မောင်သည် ယင်း ဝန်ဆောင်ခ (Service Charges) အပေါ်၌ ကုန်သွယ်လုပ်ငန်းခွန် ထည့်သွင်း တွက်ချက်ခြင်း မရှိခဲ့ပါ။

**ဉ) အခိုဗွာယ်ရှင်းလင်းဖွင့်ဆိုခြင်းဆိုင်ရာ သတ်မှတ်ချက်ကို ကျင့်သုံးတွက်ချက်ခြင်း**

၉။ ဝန်ဆောင်ခ (Service Charges) သည် ဦးမောင်မောင်က စားသုံးသူထံမှ ၎င်းဆောင်ရွက် ပေးသည့် (အစားအသောက် စားသုံးမှု) ဝန်ဆောင်မှုအတွက် စုစုပေါင်း ဝန်ဆောင်ခရငွေ၏ တစ်စိတ် တစ်ပိုင်းဖြစ်သဖြင့် စားသုံးမှုအတွက် ကျသင့်ငွေ အပေါ်တွင် အခြေခံတွက်ချက်သည့် ယင်းဝန်ဆောင်ခ (Service Charges) အပေါ်တွင်လည်း ကျသင့် ကုန်သွယ်လုပ်ငန်းခွန် ထည့်သွင်းကောက်ခံရမည်ဖြစ်ပါသည်။ ထို့ကြောင့် စားသုံးသူထံမှ ၎င်းတောင်းခံသင့်သည့် အမှန်တကယ် ကျသင့်ငွေ ပမာဏကို အောက်ပါအတိုင်း တွက်ချက်ရပါမည်-

| | (ကျပ်) |
|---|---|
| ဝန်ဆောင်မှုရယူသူက ရယူသည့် (စားသုံးသည့်) ဝန်ဆောင်မှုတန်ဖိုး | ၁၅၄၀၀ |
| ဝန်ဆောင်မှု (Service Charges) ကျသင့်ငွေ (၁၀% x ၁၅၄၀၀) | ၁၅၄၀ |
| ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီ စုစုပေါင်းကျသင့်သည့်ငွေ | ၁၆၉၄၀ |
| ကျသင့် ကုန်သွယ်လုပ်ငန်းခွန် (၅% x ၁၆၉၄၀) | ၈၄၇ |
| ဝန်ဆောင်မှုရယူသူက ပေးချေရန် စုစုပေါင်းကျသင့်ငွေ | ၁၇၇၈၇ |

( မင်းထွဋ် )

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၂(၇)/ ၃၈-၁/ ပတခ/ ၂၀၁၈ (၁၀၁၀၈)

ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်

<u>ဖြန့်ဝေခြင်း</u>

မြန်မာနိုင်ငံ စာရင်းကောင်စီ

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံ ပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)

ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)

ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး

ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁၊ (၂)၊ (၃)

တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)

} သက်ဆိုင်ရာ အခွန်ထမ်းများကို အသိပေး ရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ